


# တံလျှပ်

(ခင်နှင်းယု)

တစ်ယောက်တည်းနေချင်တယ်ဆိုတဲ့ဆန္ဒဖြစ်ပေါ်ရခြင်းဟာ တကယ်ဆိုတော့ လောကီမှာ မအောင်မြင်တဲ့သူတွေရဲ့ ဆန္ဒလို့ခေါ်ရမှာပဲ၊ လောကီလောကုတ္တရာအတွေးနဲ့တွေးမယ်ဆိုတော့လည်း လောကီကာမဂုဏ်စည်းစိမ်တွေကို အောင်မြင်စွာစွန့်လွှတ်ပြီး ဆုတ်ခွာနိုင်တဲ့သူမှသာ တစ်ယောက်တည်း နေချင်တဲ့ဆိုတဲ့ ဆန္ဒဖြစ်ပေါ်စမြဲကိုး။

နိဗ္ဗန္ဒစာတမ်းတွေမှာ ဖတ်လိုက်ရင် တောကိုမင်သူတွေကိုဖွဲ့တဲ့အခါ “တစ်ယောက်သွားလာရှုလမ်းအားဖြင့် တောသို့ဝင်လေ သတည်း လို့ စာဖွဲ့ကြမြဲတွေရလေတော့ လောကုတ္တရာလမ်းဟာ တကယ်တော့ တစ်ယောက်တည်းသွားရမှာပါလား။

အစ်ကိုရယ် အစကဒီလိုသာသဘောပေါက်ရင်ဖြင့် မသန္တာလိုတောရိုင်းတစ်ကိုယ်တော်ကို အစ်ကိုနဲ့အတူနှစ်ယောက်တည်းနေဖို့ သွေးမဆောင်သင့်ပါဘူး။ အစ်ကိုနဲ့ကျောချင်းခိုင်းပြီး မသန္တာနေရပ်ဟောင်းကို သွားလာတဲ့အခါမှာ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း မသန္တာတို့ ခွဲခွာလာရခြင်းကို တွေးခေါ်မိတယ်။ တောရပ်ကို တစ်ယောက်ချင်း မီခိုရတာချင်းတူပေမယ့် အစ်ကိုမှာတော့ အပူငြိမ်းမှာပဲ။ မသန္တာမှာတော့ ခြေသွားလမ်းဘေးကမြက်ခင်းလေးတွေဟာမသန္တာမျက်ရည်နဲ့စိုစွတ်လို့နေကြတယ်။ မြက်ပင်တွေဟာဘအခါမဟုတ်ပဲရွာသောမိုးလို့ အယူအဆရှိပုံရကြတယ်။ စိမ်းရွှင်လတ်ဆက်ပြီးခေါင်းမော်လို့ကြည့်နေကြပါလား။

“ဪကိုယ့်မှာတော့မျက်ရည်၊ သူတို့မှာတော့ မိုး။ ဘယ်လိုပဲထင်ထင် ကိုယ့်မျက်ရည်နဲ့ သူတစ်ပါး ရွှင်လန်းရတယ်ဆိုတာကိုပဲ မသန္တာဟာ တစ်နည်းတစ်လမ်းနဲ့နှစ်သိမ့်နေမိတယ်။အဲဒါကိုကအစ်ကိုနဲ့မတူတော့တာပဲ။ အစ်ကိုကတော့မြက်ခြောက်ကိုမြင်ရင်ပဲ မြင်မြင်သမျှ ခပ်သိမ်းသောသင်္ခါရတို့သည် မမြဲဘူးလို့ယူဆတယ်။ ယူဆမိသမျှကိုတရားနဲ့ဆင်ခြင်တဲ့အခါ သင်္ခါရလောကကိုငြီးငွေ့လာတယ်။ အဲဒီငြီးငွေ့ခြင်းကိုက နိဗ္ဗာန်ကိုသွားရာစင်ကြယ်သော လမ်းစဉ်ပဲလို့ အစ်ကိုက မသန္တာကိုကျောခိုင်းခါနီးပြောခဲ့တယ်။ မသန္တာအဖို့မှာတော့ ခြောက်သွေ့နေတဲ့ မြက်ခင်းလေးတွေစိုစွတ်လာရင်ပဲ တရားကိုမမြင် ကြည်နူးတဲ့စိတ်က ဖြစ်လာသေးတယ်။

သည်လမ်း၊ သည်ခရီးမှာဖြင့် အစ်ကိုနဲ့အတူသွားခဲ့ပါသေးလားလို့ တမ်းတလွမ်းဆွတ်တဲ့စိတ်ကပေါ်ရသေးတယ်။ အဲဒီစိတ်တွေဟာ မသန္တာကို သံသရာမှာလည်စေတော့တာပါပဲ။ တစ်နေ့တစ်နေ့လည်းမသန္တာရင်ထဲမှာ အစ်ကိုနဲ့မတွေ့ခင်က အဖေနဲ့အတူနေခဲ့ရတဲ့ မသန္တာဘဝကိုလည်း ပြန်တွေးမိပါရဲ့။ အစ်ကိုနဲ့အတူနေခဲ့တဲ့ လူယဉ်ကျေးတို့ဌာနီကိုလည်း ပြန်ပြောင်းတွေးနေမိတယ်။

အဖေကလူယဉ်ကျေးတို့ဌာနီဆိုတာ သက်တောင့်သာယာသက်တောင့်သက်သာတော့ရှိပါသတဲ့။ ဒါပေမယ့်လူဖြစ်လာပြီး ကိုယ့်အားကိုကိုး၊ကိုယ့်အသက်မွေးဝမ်းကျောင်းကိုလည်းကိုယ့်ခြေထောက်ပေါ်မှာရပ်တည်ပြီးနေနိုင်အောင် ကြိုးစားရမတဲ့။ အဖေပြောခဲ့တဲ့ စကားတွေကို မသန္တာသတိရသေးတယ်။

“အဖေကတော့ အဖေသေနတ်နဲ့ပစ်ချလို့ရတဲ့ ယုန်တစ်ကောင်ကို မီးကင်ပြီးစားချင်ပါတယ်ကွယ်။ သူတစ်ပါး မှီခိုပြီးမှစားရတဲ့ ကြက်စွပ်နဲ့ ဝက်ကောင်လုံးကြော်ကို အဖေမစားချင်ပါဘူး” တဲ့။

ဩော်အဖေဒါကြောင့်လည်း သူ့သမီးမသန္တာကို သူ့နောက်တစ်ကောက်ကောက် ပါအောင်အရခေါ်ခဲ့တယ်။ အဖေငါးဖမ်းတော့မယ် ဆိုရင် မသန္တာဟာ ဝမ်းသာအားရ ပိုက်ကွန်ထမ်းပြီး နောက်ကလိုက်ခဲ့တယ်။ နေစောင်းလို့အိမ်ပြန်ရောက်ရင်လည်းမီးပုံမှာ ငါးမီးဖုတ်နဲ့ထမင်းပူပူစားရတာ မြိန်လိုက်ပါဘိခြင်း။

အမဲလိုက်လို့ ညနေစောင်းသွားရင် မှုန်ဝါးဝါးတောလမ်းမှာ သားအဖနှစ်ယောက်အမဲကောင်ကိုရှေ့နောက်ထမ်းပြီးလာခဲ့ရတာ ပျော်စရာပါပဲ။ မသန္တာတို့နောက်မှအဖော်ရယ်လို့ မိုလုံးတစ်ကောင်ပဲပါလာတယ်။မောရမယ်လို့လည်းမသိခဲ့ပါလား။ တောတန်းကကျော်လာတဲ့ လခြမ်းရဲ့အရောင်နဲ့ ခြေသွားလမ်းကိုဖြတ်သွားတုန်းကဆို ပန်းရနံ့လေးတွေမွှေးလို့ ညဥ့်ဦးလေးကလည်းအေးမြလိုက်တာ။တစ်နေ့လုံးအမဲလိုက်လို့ ပင်ပန်းခဲ့ရတာတွေမေ့ပျောက်သွားတာပါပဲ။နှင်းမှုန်တွေလေထဲမှာပြည့်သိပ်လာပြီဆိုရင် မသန္တာ တံစဉ်ကိုင်ရပြီ။ ညနေစောင်းရင်ပဲအဖေက ရိတ်ပြီးတဲ့စပါးနှံကိုတလင်းဆီသို့ သယ်သွားတဲ့အခါနေဝင်းနီနီကြီးက မသန္တာကိုလယ်ကွင်းစပ်မှာ မေးတင်ကြည့်နေတယ်။

ညဥ့်ဦးရောက်လို့အဖေရှိနေတဲ့ လှေစင်ပေါ်ကို စပါးနှံတွေ တင်တင်ပေးတဲ့အခါကျတော့လည်း ဝင်းပပလဝန်းဟာ မသန္တာပေါ်ကို တောင်းတန်းပေါ်က စောင်းငဲ့လို့ကြည့်နေတော့တယ်။ ဩော်မသန္တာကိုကူကြတဲ့ နေနဲ့လပါလား။ သူတို့ကိုမြင်ရတော့ အားရှိပါဘိခြင်း၊ မသန္တာဘာမှကြောက်စရာမလိုဘူး။ ပျိုးစိုက်ပြီးစပါးပင်တွေကိုပစ်ထားရတဲ့အချိန် ညဥ့်ဘက်အလုပ်မရှိချိန်ဖြစ်တဲ့ တစ်မိုးတွင်းလုံးမှာ လဝန်းကိုလည်းမိုးသားတွေဖုံးနေတဲ့ရက်က များနေတာပါပဲ။ ခုလိုလရောင်နဲ့မှ အလုပ်လုပ်လို့ဖြစ်တဲ့အခါ ဆောင်းနဲ့နွေကျတော့လည်းကောင်းကင်မှာ မိုးသားတွေမရှိကြတော့ဘူး။ မသန္တာတို့အတွက်လမင်းအလင်းရောင်ဟာ သဘာဝကပေးထားတဲ့အကူအညီတစ်ခုပါပဲ။

မသန္တာမှာ အလုပ်လုပ်နိုင်တဲ့ လက်နှစ်ဖက်ရှိနေပါစေ။ သဘာဝဟာဖြင့် မသန္တာကိုကူညီဖို့အဆင်သင့်ရှိနေတာပဲ။ မသန္တာဒီတုန်းကဘာကိုမှမကြောက်ပါလားနော်။

တစ်ခါတစ်လေ လမိုက်တဲ့ည ညစာစားပြီးလို့ အားလပ်နေရင်တဲရှေ့မှာမီးဖိုပြီးမောင်းထောင်းနေမိတယ်။ တောဘက်ကကျားဟိန်းသံဟာ တစ်ချီချီမသန္တာတို့ တဲဘက်ကို လွင့်လာပေမယ့်လည်း မသန္တာမကြောက်ပါဘူး။

အဖေက လူယဉ်ကျေးတွေက စကားကိုလိမ်လိမ်မာမာပြောတတ်သတဲ့။ သမီးဟာသူတို့ စကားအသွားအလာကို ဆင်ခြင်နိုင်ဖို့ဟာ သမီးမှာ ဦးနှောက်အတွေးအခေါ်လည်း ရှိရမယ်ဆိုတယ်။ အဖေပို့တဲ့ ဆရာဘုန်းတော်ကြီးကျောင်းကလည်း ရွာစပ်နားမှာဆိုပေမယ့် မသန္တာတို့တဲနှင့်တစ်မိုင်လောက်ခရီးဝေးတာပါပဲ။

အဖေဟာဒီကတည်းကိုက တစ်နေ့နေ့သူ့သမီးဟာဖြင့် မျက်စိလည်လမ်းမှားလာတဲ့ မြို့ကကိုလူချောနဲ့ တွေ့ကောင်းတွေ့မယ်လို့ကြိုတင် တွေးထားပြီးသားထင်ပါရဲ့။ မသန္တာလက်ကို သေနတ်ကိုင်ရဲအောင် ပိုက်ဆွဲရဲအောင်ကျင့်ပေးခဲ့သလို မသန္တာဦးနှောက်ကိုလည်း လူယဉ်ကျေးတွေနဲ့ဆက်ဆံတတ်အောင် ပညာပေးခဲ့ပါကလား။

အဖေကြိုတင်တွေးခေါ်ထားသလို မသန္တာဟာ မြို့ကကလိုလူချောနဲ့ တွေ့ခဲ့တာပါပဲ။ ဒါပေမယ့် အဖေသာမရှိရင် မသန္တာဟာ လူ့လောကမှာ နောင်တနောက်တဖန်ပြန်ဖြစ်စရာအကြောင်းရှိချင်မှရှိမယ်။

အစ်ကိုနဲ့ စတင်တွေ့ခဲ့တဲ့ညကို မသန္တာဘယ်တော့မှ မမေ့ဘူး။ အရင်ကတော့ သားအဖနှစ်ယောက် အမဲတစ်ကောင်ထမ်းပြီး ပြန်လာခဲ့ကြပေမယ့် အဖေမရှိတော့ မသန္တာမှာတော့တစ်ယောက်တည်း ဒါပေမယ့် အဖေပေးခဲ့တဲ့သတ္တိတွေ မသန္တာမှာ ရှိခဲ့လေတော့ ကြောက်စိတ်ဆိုတာ မသန္တာနားမလည်ခဲ့ပါဘူး။

အစ်ကိုနဲ့တွေ့ခဲ့တဲ့ အဲဒီညဦးက အမဲပစ်ပြီးအပြန်တောစပ်ရေအိုင်မှာ အပန်းဖြေနေတုန်းပေါ့။ မိုးကောင်းကင်က လဝန်းဟာ မသန္တာကိုချစ်ရှာလွန်းလို့ သူ့ကိုယ်ပွားကို ရေကန်ထဲ ချပေးလိုက်တယ်။ ညဥ့်ဦးလေသွေးရင်းနဲ့ပဲ ရေပြင်ဂယက်ထတာနှင့်အမျှ လဝန်းပုံသဏ္ဍာန်ဟာလည်း အမျိုးမျိုးပြောင်းပြီး မသန္တာကို မြူချော့ကစားရှာပါတယ်။ ရွှေငါးဝိုင်းကြီးများ ရေထဲကူးနေသလားအောက်မေ့ရပါတယ်။ လဝန်းရောင်နဲ့ တွေ့တော့လည်း အိုင်ထဲက ကာပန်းတွေဟာ အထီးကျန်မိဘမဲ့သူ မသန္တာရှိရာကို ဦးညွှတ်ပြီး ဖူးပွင့်ကြတယ်။ မသန္တာ ကဗျာစပ်ချင်လိုက်တာ ဒါပေမယ့် ကဗျာအသည်းနှလုံး မသန္တာမှာမရှိလေတော့ အဲဒီညကအလှကို ကဗျာမဖွဲ့မိလိုက်ဘူး။ ကဗျာသာ ဖွဲ့တတ်ရင်တော့ ချစ်ဦးသူနဲ့ တွေ့သောညလို့ ကဗျာစပ်လိုက်ချင်ပါရဲ့။

အစ်ကိုက မသန္တာရဲ့ လက်ဖဝါးလေးကို ညင်ညင်သာသာပွတ်သပ်ရင်း မိန်းလေးလက်ဖဝါးက ကြမ်းလှပါလား။

“မိန်းကလေးရဲ့ ခြေသလုံးတွေကလည်း ကြီးလှပါလားတဲ့”

“ကိုယ့်သေနတ် ကိုယ်ဆွဲလို့ ကိုယ့်အစာကိုယ်ရှာစားရတဲ့ တောတွင်းသူတွေအဖို့ လက်ဖဝါးတွေကကြမ်းမှာပေါ့။”

“ကိုယ့်စပါး ကိုယ့်ခြေထောက်နဲ့ ကိုယ်နယ်၊ ကိုယ့်ခြေထောက်ပေါ် အားကိုးနေရတဲ့ မိန်းကလေးတစ်ယောက်အဖို့ ခြေသလုံးတွေဟာကြီးမှာပေါ့လို့ ”မသန္တာပြန်ဖြေခဲ့တယ်လေ။

“ဩော် ဒီညဟာဖြင့် လောကမှာ ယောကျ်ားနှစ်မျိုးရှိတယ်လို့ သိတဲ့ညဦးပါပဲ။ အဖေလို ချစ်မြတ်နိုးအပ်တဲ့ ယောကျ်ားရှိသလို ချစ်သူလို တွယ်တာရမယ့် ယောကျ်ားလည်း ရှိပါသလားလို့ အသိတရားပထမဦးဆုံးဝင်တဲ့ညပါပဲ။

“ဒီတစ်ညတော့ အချိန်လွန်ပြီး အဖော်တွေနဲ့လည်း ကွဲခဲ့တာမို့ မသန္တာဂူထဲမှာ တစ်ညတည်းခိုပါရစေလို့” အစ်ကိုက ခွင့်တောင်းခဲ့တယ်။

မသန္တာရဲ့တဲဟာ ကျောက်ဂူကြီးကို တစ်ခြမ်းမိပြီး ဆောက်ထားတဲ့တဲမို့ တကယ့်ဂူပါပဲ။ အိမ်ခန်းလုပ်ထားတဲ့ ကျောက်ဂူမှာ ကောက်ရိုးမွေ့ရာနဲ့ အစ်ကို့ကို အဲဒီညက သိပ်ခဲ့တယ်လေ။ မအိပ်ခင်ညစာစားတော့ မသန္တာ ကင်ပေးတဲ့ ဆတ်သားကင်ကို မြေအိုးနဲ့ချက်ထားတဲ့ထမင်းပူပူနဲ့ မီးပုံဘေးမှာ အစ်ကိုနဲ့စ ားခဲ့တယ်မဟုတ်လား။

“ဒီညစာဟာ အစ်ကို့ဘဝမှာ အမြိန်ဆုံးပါပဲလို့” အစ်ကိုဆိုခဲ့တယ်။

“မသန္တာအိမ်ကလည်း စာအုပ်ထဲဖတ်ရတဲ့ တောလိုက်မုဆိုးကြီးနေတဲ့ ဂူနဲ့တူလိုက်တာလို့”အစ်ကိုပြောခဲ့သေးတယ်။

တကယ့်တော့ မသန္တာဟာလည်း တောလိုက်မုဆိုးကြီးသမီးပါပဲ။

အဲဒီညကလဝန်းဟာ မသန္တာတို့ခေါင်းပေါ် ရောက်ပေမယ့်လည်း အိပ်ဖို့ကိုသတိမရခဲ့ကြဖူး။

“အဖေဆုံးကတည်းက ဒီလိုပဲတစ်ယောက်တည်း နေလာခဲ့သလား။မသန္တာခုလို နွေရာသီအဖို့တော့ ကိစ္စမရှိပါဘူး။ မိုးတွင်းရောက်လို့ မုန်တိုင်းတွေကျ၊ လျှပ်စီးတွေလျှပ်ပြီး မိုးသိပ်သည်းတဲ့အခါ မသန္တာမကြောက်ဘူးလား”လို့ အစ်ကိုမေးခဲ့သေးတယ်။

"မသန္တာအဖို့ မိုးထစ်ချုန်းသံဟာ မိုးနတ်သားရဲ့တေးပါပဲ။ လျှပ်နွယ်တွေဟာ ကောင်းကင်ရဲ့ ပန်းများပါလို့ဖြေတော့ အစ်ကိုကသြော် ဒီလောက်ကြမ်းတဲ့ လက်ဖဝါးပိုင်ရှင်တွေရဲ့ စကားလုံးကလည်း လှလိုက်ပါဘိ။ သဘာဝမကျလိုက်လေခြင်း"လို့ အစ်ကိုပြောခဲ့သေးတယ်။ အထင်သေးလိုက်ပါဘိအစ်ကိုရယ်။ မသန္တာမှာလက်ဖဝါးက ကြမ်းပေမယ့် ခြေသလုံးကကြီးပေမယ့် သဘာဝအလှအပကို ပူဇော်မြတ်နိုးတတ်တဲ့ အသည်းနှလုံးရှိပါသေးတယ်။

နံနက် မိုးသောက်ရင်ပဲ အစ်ကိုနဲ့ မသန္တာခွဲရတော့မယ်။ အဲဒီတော့ လွမ်းတယ်ဆိုတာ ပထမဦးဆုံး သိတော့တာပါပဲ။ အစ်ကိုက လူယဉ် ကျေးတို့ရွာနေကို မသန္တာလိုက်ခဲ့ဖို့ ခေါ်တယ်။ မသန္တာလည်း မသန္တာရဲ့ဂူထဲမှာ အတူနေဖို့တောင်းပန်မိတယ်။

"လူယဉ်ကျေးတွေကို အထင်မသေးပါနဲ့ မသန္တာ၊ နောက်တစ်ပတ် အစ်ကိုလာခေါ်ရင်သာ အသင့်ပြင်ထားပါ။ မသန္တာပါးပြင်မှာ အစ်ကိုနမ်းခဲ့တဲ့ အနမ်းဟာ ဘဒ္ဒကမ္ဘာဦးမှာ ပေါ်ခဲ့တဲ့ ကြာပဒုံလို မမြင်ရပေမယ့် ကမ္ဘာတည်မြဲမှာပါ"တဲ့။ အစ်ကိုရယ်တကယ် တော့လည်း အဲဒီကြာပဒုမ္မာငါးခိုင်ဟာစာထဲမှာသာရှိတာပါ။ လက်ဆုပ်လက်ကိုင်ဘယ်မှာမှရှာမတွေ့ပါလား။ ကမ္ဘာဦးက ဗြဟ္မာကြီး တွေပဲ အခူးစားပြီးလက်ဦးသွားတယ်။

သြော် အချစ်ဆိုတာ အင်မတန်သိမ်မွေ့တဲ့ စိတ်ကူးစိတ်သန်းတွေကို တီထွင်နိုင်ရုံမျှမက ပူပန်သောက ဗျာပါဒကိုလည်း ပေးတတ်ပါကလား. . . .။

အစ်ကိုပြန်သွားတဲ့နေ့ကဖြင့် တစ်နေ့လုံးအမဲမလိုက်နိုင်ဘူး။ အစ်ကိုအိပ်သွားတဲ့ကောက်ရိုးမွေ့ရာမှာ လူးလိမ့်နေမိတယ်။ မသန္တာရဲ့ အမဲလိုက်ဖော် မိုးလုံးကြီးတောင် အချိန်တန်တော့လည်း တဲဝကထွက်ပြီး ပြူးကြည့်နေသေးတယ်။ သူ့ခင်မျာ သူ့သခင်မှာရဲ့ ဝေဒနာကို မသိရှာဘူး။ ဒီအချိန်ဟာဖြင့် အမဲလိုက်ချိန်တန်ပြီပဲလို့ သတိပေးတဲ့အနေနဲ့တဲဝကနေ သခင်ကို အမြီးနံပြီးခေါ်ရှာတယ်။ နောက်တစ်ပတ် အစ်ကိုပြန်ပြီးလာခေါ်တော့ မသန္တာတဲဝကိုပြေးထွက်ပြီး ကြိုမိတယ်။ တကယ်တော့ ပြန်လာလိမ့်မယ်လို့ စိတ်ထဲမှာ မမျှော်လင့်လိုပဲ။ မမျှော်လင့်လိုပဲ။ မမျှော်လင့်ဘူးအစ်ကိုရေ့ "ခြေဖဝါးနုနု သွေးခြေတွေဥကုန်ပါပြီ မောင်မောင်ဘုရား"လို့ နွမ်းလျလျပြောနိုင်တဲ့ နန်းမတော်မယ်နုတွေ အပုံကြီးပေါနေတဲ့ လူယဉ်ကျေးရွာနီကအပျိုချောတွေကို ကျော်ခိုင်းပြီး မသန္တာဆီကို ပြန်လာတယ်လို့ ယုံနိုင်စရာရှိပါမလား. . . .။

ဒါကြောင့်မသန္တာဟာ ခြေလွတ်လက်လွတ် ဝမ်းသာလွန်းလို့အစ်ကို့ကိုပြေးလို့များကြိုမိတယ်။ အစ်ကိုရင်ခွင်မှာ မျက်နှာအပ်လို့ အရှူး အမူး မျက်ရည်များတောင် ကျလာမိတယ်။

"တဲလေ ပစ္စည်းတွေသိမ်း၊ အစ်ကိုတို့မြို့ကို ပြန်ကြစို့"လို့ခေါ်တော့ မသန္တာ ဘာပစ္စည်းသိမ်းရမှန်းတောင် မသိဘူး။ သေနတ်၊ ဒူးလေး၊ မြှားတံတွေဟာမြို့နဲ့မ ႑တန်ပါလေစ။ အစ်ကိုက ဒါတွေကို ယူခဲ့ဖို့မလိုပါဘူးဆိုတာနဲ့ မသန္တာတဲနံရံမှာ ထားရစ်ခဲ့ရတယ်။ ကျန်တာကတော့ ဆန်ဖွံ့တဲ့ဆိုနဲ့ မသန္တာရဲ့မြေအိုးတွေ။ ဒါတွေကိုလည်း မသန္တာသယ်ဖို့မလိုပါဘူး။ တဲဝက ထွက်မယ်ကြံတော့ အထိခိုက်ဆုံး က မိုးလုံးကြီးပဲ။

'ကျွန်တော့်ကို တစ်ယောက်တည်းထားခဲ့ပြီး သခင်ဘယ်ကိုသွားမလို့လဲလို့ မေးနေသလိုပဲ မသန္တာကိုမော့ကြည့်နေတော့ မသန္တာရင်ထဲဆို့သွားတာပဲ။

"ဒြော်မင်းတို့ မိန်းကလေးများ ချစ်တဲ့သူနဲ့ တွေ့ရင်ဖြင့် ကိုယ့်နဲ့ငယ်ကပေါင်းခဲ့တဲ့ ရဲဘော်ရဲဘက်ကိုတောင် မေ့တတ်ပါကလားကွယ်လို့" သူကပြောနေသလိုပဲ။ သူ့လည်ပင်းကိုဖက်ပြီး သူ့ကျောကိုသပ်လိုက်ရင်ပဲ သူ့ကိုအတူခေါ်သွားစေလိုကြောင်း တောင်းပန်ခယတဲ့ မျက်လုံးများနဲ့ ကြည့်နေရှာတယ်။

"မင်းချစ်တဲ့ တစိမ်းရှာသားကို ငါလည်းချစ်ပါမယ်လို့" ခယနေသလိုပါပဲ။ မြေမှာဝပ်ပြီး အစ်ကိုခြေဖမိုးကို သူနမ်းတော့ မသန္တာမျက်ရည်ကို မထိန်းနိုင်ဘူး။ ဒါပေမယ့် သူ့ကိုမြို့အတူခေါ်သွားဖို့ အစ်ကိုကဘာမှမပြောလေတော့ မသန္တာဟာ တစ်မိုင်ခရီးကို သူနဲ့အတူလျှောက်ပြီး ဆရာတော်ဘုရားကျောင်း ရောက်တဲ့အခါ သူ့ကိုအပ်ခဲ့ရတယ်။

ကျောင်းပရိဝုဏ်အဝက မသန္တာထွက်သွားတာကို ငေးကြည့်ပြီးကျန်ရစ်တဲ့ မိုးလုံးကြီးဟာ လူသားများဖြစ်ရင် သူ့အသည်းကွဲဇာတ်လမ်းကို စာတမ်းဖွဲ့ပေမှာပဲ။

မသန္တာဒီတုန်းက မိုးလုံးကြီးကိုပြန်ကြည့်ဖို့ ကိုယ့်စိတ်ကိုယ်မလုံဘူး။ အစ်ကို့ဆီကို မျက်ရည်ရွှဲလဲနဲ့ ပြန်ပြေးလာမိတယ်။ ဒြော် ချစ်လိုက်ရတာ၊ ချစ်လိုက်ရတာ၊ ခွေးကိုချစ်လို့ မျက်ရည်ကျရနဲ့ လူကိုချစ်လို့မျက်ရည်ကျရနဲ့။

အစ်ကိုက မသန္တာတို့မြို့ကိုခေါ်သွားတဲ့ လမ်းပေါ်မှာ ပြောတဲ့စကားကို ကြားမိသေးတယ်။ "တယ်လဲတွယ်တာတတ်တဲ့ မိန်းကလေးပါလား၊ ပင်ပန်းလှချည်ရဲ့" ဆိုတာလေ။ စင်စစ်တော့လည်းသံသရာမှာ မုန်းလို့ကျရတဲ့ မျက်ရည်ရယ်လို့ နည်းပါတယ်။ ချစ်လို့ကျရတဲ့မျက်ရည်က မိုးထက်တောင် များပါသေးလား။

လူယဉ်ကျေးတို့ဌာနီဟာ အဖေပြောခဲ့သလိုပဲ သက်တောင့်သက်သာရှိလှပါဘိ။ မိန်းကလေးတွေကလည်း နုပျိုကြ၊ချောမွေ့ကြလှကြပါကလား။ အစ်ကိုနဲ့ခမ်းနားတဲ့ ထမင်းစားပွဲကြီးတွေမှာ အစ်ကို့ဧည့်သည်မိန်းကလေးတွေဟာ လင်တော်မောင်ရှာစာကို အဆင့်သင့် စားရသူတွေမို့ထင်ပါတယ်။ ပါးမို့လေးတွေက ပန်းနုသွေးရောင်ပေါက်ပြီး လက်ဖဝါးလေးတွေကလည်း ပန်းပွင့်ဖတ်လေးတွေလိုပဲနူးညံ့ပါဘိတယ်။ မသန္တာဟာပွဲတိုးစကဖြင့် မသန္တာလက်ဖဝါးကြမ်းကြမ်းကို ရှက်စနိုးနဲ့ ကွယ်ဝှက်လို့ တောင်ထားမိတယ်။ နေလောင်ထားတဲ့ မသန္တာပါးပြင်ဟာ မြို့သူဒေါင်းမလေးတွေအလယ်မှာ တောကျီးကန်းများလို ဖြစ်နေမလားလို့ ခဏခဏခေါင်းကိုငုံ့ထားမိတယ်။

"ကိုယ့်အလုပ်ကို လုပ်နိုင်တဲ့သူရဲ့ အစွမ်းကို အစ်ကိုမြတ်နိုးပါတယ်။ ဒီလက်ဖဝါးပြင် ကြမ်းကြမ်းကိုလည်း အစ်ကိုနမ်းနိုင်ပါတယ်" လို့ အစ်ကို တယုတယနမ်းပြတော့မှ မသန္တာအားတတ်မိတယ်။ ဒြော်ဒီလက်ဖဝါးကြမ်းရတာ အလုပ်လုပ်ခြင်းရဲ့ အထိမ်းအမှတ်ပါလား။ ဂုဏ်ငယ်စရာ မဟုတ်ပါလားလို့ စိတ်ကိုအားတင်းထားမိတယ်။

လူယဉ်ကျေးတို့ဌာနီမှာ စကားအရာအင်္ဂါလေးနဲ့ တန်ညီအောင် စကားဆိုတတ်စေချင်တဲ့ ဆန္ဒနဲ့ အစ်ကိုက စာသင်ကျောင်းမှာ အစ်ကိုက စာပေသင်ကြားစေတယ်။ ဒြော်အဖေတစ်ခါက မျှော်မှန်းတဲ့ဆန္ဒနဲ့ အစ်ကိုဆန္ဒနဲ့တူညီခဲ့ကြပါကလား။

ဒါပေမယ့် အစ်ကိုတို့မြို့သူတွေရဲ့ သဘောဟာချောချောကြီးသိနိုင်ဖို့ မလွယ်ကူပါလား။ သူတို့ဟာတကယ်လိုလားလို့ ချိုမွမ်လေးစကားဆိုနေတာလား၊ရင်ထဲမှာ မနာလိုစိတ်ကို မျိုသိပ်ပြီး အပြင်ကချိုးမွမ်းသယောင်ယောင်နဲ့ ဟန်ဆောင်ချီးမြောက်နေကြတာလား။ ဒြော်ဘာရယ်လို့သူတို့နှလုံးသားကို ပွင့်ပွင့်လင်းလင်းမဖော်ပြကြတဲ့ အံ့သြဖွယ်ကောင်းတဲ့မြို့သူလေးတွေပဲ။

ပွဲလမ်းသဘင်မှာဆိုကြရင်
"ကိုယ့်သေနတ်ကိုယ်ထမ်းပြီး ကိုယ့်အစာရကိုယ်ရှာစားခဲ့တဲ့ မသန္တာဆိုတာသူပဲလို့မိတ်ဆက်ပေးကြတယ်။
"ပြောစမ်းပါဦး ယုန်ကိုဘယ်လိုထောင်ပြီး သမင်ကိုဘယ်လိုဖမ်းလဲဟင်၊အိုရှင်ကိုယ်တိုင်လုပ်ခဲ့တာ အံ့သြစရာပဲ၊ သူ့လက်တွေကို လာကြည့်ပါဦးဟေ့" မိန်းမချောလေးတွေဟာ မသန္တာကို ချီးမွမ်းနေကြတာလား၊ သရော်နေကြတာလား မတွေးတတ်အောင်ပါပဲ။ သူတို့နှုတ်ခမ်းက မဲ့ရွဲ့တာနဲ့ပြုံးတာကို တပြိုက်နက် လုပ်နိုင်ကြတယ်။ အံ့သြစရာ အတတ်ပညာတစ်ပါးပါပဲ။
"ခြေသလုံးတွေက ကြီးလိုက်တာနော်၊ ဟဲ ဟဲ ဝေဠုဝတီရဲ့အဆက်အနွယ်ထင်ပါရဲ့"တစ်ခါက ထမင်းစားပွဲတစ်ခုမှာ မသန္တာကိုမင်းကြီးကတော် တစ်ပါးက ပြောလိုက်တာ မသန္တာခုထိ ကြားယောင်နေတယ်။
တစ်ခါကတော့ မသန္တာဟာ ဒီကတော်တွေရဲ့ ချီးမွမ်းချေကြောက်ပြောတာကို နားမခံသာလွန်းလို့ ပြန်ပြောမိတယ်။
"ဟုတ်ကဲ့ ကျွန်မဟာလင်အပေါ် အလှအပနဲ့ အခွင့်အရေးယူပြီး အခွင့်အရေးကိုသာ တောင်းဆိုတတ်တဲ့ မိန်းမမျိုးမဟုတ်ပါဘူး။ ကိုယ့် အလုပ်စွမ်းအားကိုပြပြီး ကိုယ့်တာဝန်ကိုလည်း ကျေပွန်စွာလုပ်တတ်တဲ့ မိန်းမတစ်ယောက်ပါ"လို့ပြောလိုက်မိတယ်။
အဲဒီနေ့က အစ်ကိုကဆူတယ်လေ။
"စကားမပြောဘူး၊ မပြောဘူးနဲ့ပြောမယ့်ပြောတော့လည်း မိုးကြိုးပစ်သလား အောက်မေ့ရတယ်၊ တဲ့တိုးကြီးစာတွေ ဒီလောက်သင်ပြီး စကားကို ပြေပြေပြစ်ပြစ် မပြောတတ်သေးဘူးလားတဲ့"။
"မင်းဟာတောမှာပဲ တဲတစ်လုံးနဲ့နေဖို့ကောင်းတယ်သတဲ့"
မသန္တာ အဲဒီတုန်းကများ မျက်ရည်ဖြိုက်ဖြိုက်ကျမိတယ်။ ခြော်သူတို့တွေနဲ့အတူ ငါဘယ်တော့မှ ပြေပြစ်အောင်'ရော' နိုင်ပါမလဲလို့လည်း အားငယ်မိပါရဲ့။
ဒါပေမယ့်လေ အစ်ကိုတစ်ယောက် တစ်ယောက်လုံးရှိနေပါသေးတယ်ဆိုတဲ့ စိတ်က မသန္တာကိုအားပေးနေတာပဲ။ စင်စစ်မှာတော့ ဆက်ဆံရေး မပြေပြစ်တဲ့အဖြစ်မှာ မသန္တာအပြစ်တွေလည်း အများကြီးပါတယ်လေ။
အစ်ကို တရားကျောင်းကိုသွားတဲ့နေ့က မသန္တာမှန်ရှေ့မှာထိုင်ပြီး ကိုယ့်မျက်နှာကိုယ်ကြည့်မိတယ်။ မသန္တာမှာနေလောင်ထား တဲ့အကွက်တွေ မရှိတော့လို့ အခြားမြို့သူတွေလို နှင်းဆီရောင်သန်းလာပါပေါ့လား။မ သန္တာဟာပါးပြင်ကိုလက်ချောင်းလေးတွေနဲ့ တို့ထိကြည့်တယ်။ မသန္တာလက်တွေကို မှန်ထဲမှာတွေ့ရတယ်။ အရင်ကလိုလက်ဆစ်ကြီးတွေက ဖုထစ်မနေတော့ဘူး။ အဆစ်တွေ ပြေပြစ်လို့ သွယ်သွယ်ပျောင်းပျောင်း ဖြစ်နေကြပါပြီ။ ပါးပြင်မှာလာတွေ့တဲ့ မသန္တာလက်ဖဝါးဟာလည်း တောတွင်းသူလို အသား မာတွေနဲ့ လက်ဖဝါးကြမ်းကြမ်းကြီး မဟုတ်တော့ဘူး။ ပန်းပွင့်ဖတ်လိုနူးညံ့နေတော့တယ်။ ဒီလိုပြောင်းလဲလာခြင်းဟာ မသန္တာ ဘဝအတွက် ကောင်းဖို့လား၊ ဆိုးဖို့လား၊ ထိုင်နေရင်းစဉ်းစားနေမိတယ်။ ဝမ်းလည်းသာမိပါရဲ့။ အစ်ကို ရဲ့ပွဲသဘင်တွေမှာ လေနောင်ခါကျရင် မသန္တာ့မြို့ကြီးတွေလို ဟန်ပိုပိုနဲ့လက်ချောင်းလေးတွေ ဆန့်ဖြေပြီး စကားပြောရင်ဖြင့် ပဒုမ္မာပွင့်အသွေးလို နီထွေး ပြေပြစ်တဲ့ လက်ဖဝါးပြင်ကို သူတို့မြင်ရတော့မယ်။ အစ်ကိုနောက်က အရင်လိုခေါင်းလျှိုလိုက်ဖို့ မလိုတော့ဘူး။ ရင်ချီလိုက်ရင်ပဲ ပန်း နုသွေးကြွတဲ့ မသန္တာမျက်နှာဟာ အစ်ကို့နောက်ပါးမှာ ပန်းတစ်ပွင့်လို ကြွကြွရွရွလှနေမှာပေါ့။

အစ်ကိုတရားကျောင်းကပြန်လာပြီး အစ်ကို့ဖိနပ်တွေကိုသိမ်း၊ တရားစာအုပ်တွေကို နေရာတကျထားတာနဲ့ အစ်ကို့ကို ခရီးဦး ကြိုပြုမိတယ်။ အစ်ကို့ကို ထမင်းကျွေးပြီးမှ မသန္တာပြောင်းလဲပြီး နူးညံ့လာတဲ့မ သန္တာလက်ဖဝါးတွေကို အစ်ကို့ကိုပြမိတယ်"။

အဲဒီနေ့က အစ်ကို့မျက်နှာသွင်ပြင်အနေအထားဟာ အနှတစ်ပါးပါပဲ။

"ခုလိုလက်ဖဝါးတွေနူးညံ့လာမှ အစ်ကိုပြောရမယ့် စကားအတွက် ရင်နာလှပါဘိမသန္တာရယ်"

အစ်ကို့ စကားလုံးတွေကို မသန္တာမမေ့ဘူး။ အလွတ်ကျက်သလို ဦးနှောက်ထဲမှာစွဲနေတယ်။ အစ်ကိုက စကားရှေ့ဆက်ဖို့ ခက်သလို စတွေးတွေ မျိုချပြီး လည်ပင်းကြီးတစ်ဆန့်ဆန့်လုပ်နေတယ်။ ပြီတော့မှ ..........

"သွားရမယ့်ခရီးဟာ တစ်ယောက်သွားသာရှုလမ်းမို့ လက်ဖဝါးနူးညံ့အောင် ကြိုးစားမယ့် အစားမသန္တာတစ်ယောက်တည်း ခရီးသွား ရဲအောင် ကြိုးစားစမ်းပါ"တဲ့။

ဩော်ပြောရက်လေခြင်း အစ်ကိုရယ်။ မသန္တာတစ်ယောက်တည်း နေရဲတဲ့သူပါ။ တစ်ယောက်သွားသာရှုလမ်းနဲ့ တစ်ယောက်တည်း လျှောက်ခဲ့တဲ့သူပါ။ မသန္တာအဖို့ တစ်ယောက်တည်းဆိုတဲ့ ဘဝဟာအသစ်အဆန်းတော့ မဟုတ်တော့ပါဘူး။

အစ်ကို့ဆီက ပြန်လာတဲ့နေ့ တောလမ်းကိုမရောက်ခင် လယ်ကွင်းပြင်ကို ဖြတ်လာတယ်။ ရှေ့တူရူကကြွလာတာဟာ မသန္တာကိုငယ် စဉ်က စာသင်ခဲ့တဲ့ ဆရာတော်ဘုရားပါလား။ ဆရာတော်ဘုရားမျက်နှာကတော့ အို့ညြခြင်းတွေဝေခြင်း မရှိပါဘူး။

"ဒကာမလေးတစ်ယောက်တည်းလားတဲ့"

"မှန်လှပါဘုရားလို့ပြန်ဖြေတော့ မသန္တာအသံတွေတုန်နေတယ်။ ဒီလမ်းကပဲ ဒကာမလေးတစ်ယောက်တည်း ပြန်လာလိမ့်မယ် လို့ထင်သားပဲ" ဆရာတော်ဟာလည်း အနာဂတ်ကိုမှန်းဆနိုင်သူပါလား။

"မိုးလုံးကြီးရှေ့ဘုရား"

"ဒကာမလေးသွားတာ ဆယ့်ငါးနှစ်တောင်ကြာမှ မိုးလုံးတစ်ကောင်မရှိတော့ဘူး။ သူ့သားမြေးတွေတော့ကျန်သပေါ့ နေ့လည်ကျမှ ဂူထဲကို "ဖိုးကျား"နဲ့အပိုလွှတ်လိုက်မယ်။ ဆရာတော်ဘုရား ဆက်ကြွသွားတော့ မသန္တာဟာလွန်ခဲ့တဲ့ဆယ်ငါးနှစ်က သူ့သခင်သွား ရာကိုလိုက်ချင်ဇောနဲ့ မျှော်ကြည့်ကျန်ရစ်နေရှာတဲ့ ကျောင်းပရိဝုဏ်အဝက မိုးလုံးကြီးကိုပြန်သတိရမိတယ်။

ဂူထဲပြန်ရောက်ရပြန်ပြီ။ တံခါးကိုဖွင့်လိုက်ရင်ပိုးစားနေတဲ့ ဓနိလက်တွေပိုးမှုန်တွေ၊ ဓနိလက်တွေဟာ တသဲသဲမြေပြင်ပေါ် ကျလာခဲ့တယ်။ အစ်ကိုအိပ်သွားတဲ့ အိပ်ရာနေရာဂူဝမှာ ပင့်ကူမျှင်တွေယှက်လို့ပါလား။ နံရံကသေနတ်ကလည်း သံချေးတွေတက်လို့ မြားတံတွေနဲ့ လေးဟာလည်းဖုန်မှုန့်တွေလူးလို့။ ဒါတွေကိုပြန်ကိုင်ရဦးမှာပါလားအစ်ကိုရယ်။

မသန္တာ လက်ဖဝါးတွေနူးညံ့လာတဲ့ ခုဘဝကျကာမှ ဒီသေနတ်ကခလုတ်ကို ဘယ်လိုလုပ်ဖြုတ်ရမှာလဲ။ မသန္တာဒီမြားနဲ့ ရွှေသမင် အသည်းစိုက်အောင် ပစ်ရက်ဖို့မသန္တာမှာ သတ္တိမရှိတော့ပါလား။

မသန္တာဟာ ရေကန်ရှိရာကို ပြေးသွားမိတယ်။ ကန်အလယ်ကြာနွယ်တွေက အရင်လိုပဲ မသန္တာကိုဆီးကြိုလို့မြို့ကအကြောင်းတွေ မေး တော့မယ်ထင်ပါရဲ့။

အစ်ကိုနဲ့ ပထမဆုံးတွေ့ခဲ့တဲ့ ရေကန်ပြင်ကို မျက်နှာငှကြည့်လိုက်တော့

“တယ်လှတဲ့မြို့သူကြီးပါလားတဲ့. . . . . . . . . .” ကန်ရေပြင်ကတော့စကားဆိုမယောင်ပါပဲ။

ကြာပွင့်ကြီးကိုလိုချင်လိုက်တာမပြောပါနဲ့။ အစ်ကိုသာအနားမှာရှိရင်ကြာပွင့်ကြီးကိုချိုးပေးပါလို့ပြောမိမှာပဲ။

“အဲ့ပါရဲ့ မိန်းကလေးရယ် အရင်တစ်ယောက်တည်းနေတုန်းက မင်းကိုဘယ်သူကများချိုးပေးဖူးလို့လဲ၊ ကိုယ့်ဘာသာကိုယ်ရေကန်ထဲ ဆင်းခူးခဲ့ တာပဲမဟုတ်လား” မသန္တာဝမ်းတွင်းစိတ်ကိုသိရလို့ကြာပွင့်ကြီးတောင်ပြောနေပြီ။ ဟုတ်ပေသားပါလား အစ်ကိုရယ်။နှစ်ယောက်အတူနေပြီးတော့မှ ရေထဲဆင်းရဲတဲ့သတ္တိမသန္တာမှာမရှိတော့ဘူး။

ဟောကောင်းကင်မှာ မိုးတွေမှောင်လို့ တိမ်သားတွေကြားက လျှပ်ပန်းလျှပ်နွယ်တွေ တလက်လက်နဲ့ ပြေးလွှားနေကြပြီ။ မသန္တာတဲရှိရာကို ပြေးလာမိတယ်။ မောလိုက်တာများမပြောပါနဲ့တော့။ တဲကိုရောက်ရင် အစ်ကိုအိပ်ခဲ့တဲ့ ကောက်ရိုးမွေ့ယာပေါ် ပစ်လှဲမိတယ်။ မိုးတွေကလည်း ချုန်းလို့လျှပ်စီးတွေကလည်း တဲထဲမှာထိန်ထိန်လင်းလို့။

“မသန္တာအဖို့ မိုးထစ်ချုန်းသံဟာ မိုးနတ်သားရဲ့တေးပါပဲ။ လျှပ်နွယ်တွေကတော့ ကောင်းကင်ရဲ့ပ န်းများပါ”လို့ တစ်ခါက အစ်ကို့ကို မသန္တာ ပြောခဲ့တယ်လေ။ ခုတော့ခုတော့ မသန္တာ ခေါင်းမဖော်ရဲတော့ဘူး။ ဒိုင်းခနဲမိုးကြိုးပစ်လိုက်ရင် ကြောက်လန့်တကြားနဲ့ ပြေးသွားပြီး မသန္တာခေါင်းလျှိုရမယ့် အစ်ကို့ရင်ခွင်ကို သတိရလိုက်တာ။ ကောင်းကင်ရဲ့ ပန်းပါလို့ဆိုခဲ့တဲ့ လျှပ်နွယ်တွေကို မကြည့်ရဲလို့ မျက်နှာဝှက်ထားချင်လို့ အစ်ကိုရင်ခွင်ကို တမ်းတမိရတာအမော။

သတ္တိတွေ ဘယ်များရောက်ကုန်ပါလိမ့်။ အရင်ကလည်း ငှါသေနတ်ငါထမ်းပြီး ကိုယ့်စာဖို့အမဲ ကိုယ်ပစ်လာခဲ့တယ်။ ကိုယ့်စပါးကိုယ်စိုက်လာခဲ့တဲ့မိန်းမပဲ။ ခုကောတစ်ယောက်တည်း နေရမှာဘာကြောက်စရာလဲလို့” ကိုယ့်စိတ်ကိုယ်တင်ပါရဲ့။ ဒါပေမယ့်မရပါလား အစ်ကိုရယ်။ တစ်ယောက်တည်းနေရမှာ ဘာကြောက်စရာလဲလို့ ကိုယ့်စိတ်ကိုတင်းပါရဲ့မရပါလားအစ်ကိုရယ်။

တစ်ယောက်တည်း မသန္တာသာဘာတစ်ယောက်တည်း နေခဲ့တာကအကောင်းသား။ ခုတော့နှစ်ယောက်တည်း နေပြီးတော့မှပင်ကိုရှိတဲ့သတ္တိတွေတောင် လျှော့ပါးကုန်ပြီ။ ဩော် တကယ်တော့လည်း မိန်းမဆိုတာ လင်သည်နဲ့တွေ့ရင် ခိုလှုံစိတ်များပြီး ရှိရင်းစွဲအစွမ်းကိုတောင် လျှော့ပစ်တတ်ကြတယ်။ အဝေးမှကျားဟိန်းသံ၊ ဆင်အော်သံတွေ ဆူညံနေတော့တယ်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့လည်း တခြားအဖော်ချင်းရယ်လို့ ဝေးဝေးက တောစပ်မှာမီးလက်လက်နဲ့ ဦးဖိုးဘတဲပဲမြင်ရတယ်။

ရင်ဖိုတဲ့စိတ်၊ ကြောက်တတ်တဲ့ စိတ်တွေများလွန်းလို့ ခြေထောက်ပေါ်မှာတောင် မတ်မတ်မရပ်နိုင်ဘဲ ကောက်ရိုးမွေ့ယာပေါ်ခွေလဲလို့နေမိတယ်။ “အဖြစ်နှယ်သဲလိုက်လေခြင်း မိသန္တာ”ရယ်လို့ ကိုယ့်ကိုယ်ကိုခဏခဏပြောမိတယ်။

အစ်ကိုနဲ့ မသန္တာ တစ်ယောက်တည်းသွားသာရုံခရီးမှာ ကျောချင်းခိုင်းပြီး ထွက်ခဲ့ပေမယ့်လို့ အစ်ကို့မှာတော့ခုချိန်ခါမှာ စိုးရိမ်ပူပန်ခြင်း လည်း ရှိမှာမဟုတ်ဘူး။ တုန်လှုပ်ခြင်းလည်းကင်းပေလိမ့်မယ်။ မသန္တာမှာတော့ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ကြောက်စရာတွေနဲ့နေစရာမရှိအောင်ဖြစ်ခဲ့ပါကလား။

ဩော်အစက တစ်ယောက်တည်းနေရ အကောင်းသားလို့ နောင်တတဖန်ဖြစ်ခဲ့ပြန်တယ်။ အစ်ကို့ကို အပြစ်တင်လိုဇောနဲ့ ရန်တွေ့ချင်ပေမယ့်လည်း အစ်ကိုက လူယဉ်ကျေးတို့ဌာနေမှာ သူစိမ်းလူနဲ့ အတူပျော်နေခြင်း မဟုတ်လေတော့ အပြစ်တင်ရခက်ပါဘိ။ အစ်ကိုလည်းမသန္တာနည်းတူ တစ်ယောက်တည်းပဲ လမ်းခွဲသွားခြင်းပဲလို့ သတိအမြဲရှိပါရဲ့။

ဒါပေမယ့် တစ်ယောက်တည်း နေရတာခြင်းအတူတူ အစ်ကိုကတည်ငြိမ်တယ်။ စိုးရိမ်ကြောက်လန့်ခြင်း ကင်းတယ်၊ ဘေးရန်မရှိဘူး၊ မသန္တာမှာတော့ ကြောက်လန့်ရ၊ စိုးရိမ်ရ၊ ထိတ်လန့်ရပါဘိခြင်း။ အဲဒါဟာဘာဖြစ်လို့လဲ ထပ်ခါထပ်ခါ မေးခွန်းထုတ်မိတယ်။ စင်စစ်တော့ တစ်ယောက်တည်း သွားသာရုံလမ်းအားဖြင့် တောကိုဝင်ခဲ့ကြပေမယ့် စိတ်အခံချင်းမတူလေတော့ အကျိုးသက်ရောက်ပုံခြင်းလည်း မတူပါကလား။

မိသန္တာအစ်ကို့လို တရားသဘောမှာ မရင့်ကျက်လေသေးတော့ တစ်ယောက်တည်းနေလည်း ဘဝဟာရှုပ်ထွေးနေပါလား။ မငြိမ်းချမ်းပါလား။

မိသန္တာအစ်ကို့လိုတရားသဘောမှာ မရင့်ကျက်လေသေးတော့ တစ်ယောက်တည်းနေလည်း ဘဝဟာရှုပ်နေပါလား။ မငြိမ်းချမ်းပါလား။

ပထမတော့ 'တစ်'သဘောဟာအထီးကျန်ခြင်းဆိုပေမယ့် ကိုယ့်ကိုကိုယ်အားကိုးခြင်း၊သတ္တိရှိခြင်းလို့ မသန္တာသဘောပေါက်တယ်။ 'နှစ်'ဆိုတဲ့သဘောကခိုလှုံခြင်း၊ အားပျော့ခြင်းလို့ မသန္တာယူဆမိပြန်တယ်။

စင်စစ်တော့လည်းတစ်တို့နှစ်တို့ပညတ်သဘောတွေဟာ အလကားပါပဲလေ။ တောတွင်းမှာတစ်ယောက်တည်းနေပေမယ့် ကြိုးရှုပ်အောင် နေတဲ့သူဟာနေတာပဲ။ ကြိုးမရှုပ်အောင်နေတဲ့သူအဖို့တော့လည်းအေးချမ်းပါတယ်။

အရှေ့ဏ်လင်းခါနီးမှာမုန်တိုင်းလည်းငြိမ်၊ မိုးသက်လည်းစဲ၊ အေးစိမ့်လတ်ဆတ်တဲ့ လေတွေလည်းဂူထဲကိုညင်သာစွာဝင်လာကြတယ်။ နီထွေးတဲ့လင်းရောင်ခြည်ဟာ ဂူထဲမှာသန်းလာရင်ပဲ ဆရာတော်ဘုရားကို တဲရှေ့မြက်ခင်းပြင်မှာတွေ့ရတယ်။

သူ့အပါးမှာချစ်စဖွယ်ကောင်းတဲ့ ခွေးကြီးဟာမားမားမတ်မတ်ရပ်လို့

"ဒကာမလေးဒီဖိုကျားဟာ မိုးလုံးရဲ့မြေးပဲ၊ ဒကာမအတွက်အဖော်အဖြစ်ထားခဲ့တယ်"

ဆရာတော်ဘုရားလည်းဖိုးကျားကိုထားခဲ့ပြီး ကျောင်းရှိရာကိုပြန်ကြွသွားတယ်။ ဖိုးကျားဟာမိုးလုံးလိုပဲမသန္တာရဲ့ခြေဖမိုးကိုနမ်းလို့ အမြီးတနန့်နန့်နဲ့ ဝမ်းသာအားရနှုတ်ဆက်ပေတယ်။

မသန္တာဟာဖုန်းလူးနေတဲ့ သေနတ်ကိုယူ၊ခွေးကြီးကိုနောက်ကအပါခေါ်ပြီး တောဘက်ဆီကို ထွက်လာခဲ့ရပြန်ပါပြီအစ်ကို။စိတ်တွေကိုပြန်တင်းရဦးမယ်။

လေးတွေ၊မြားတွေလည်းပြင်ရဦးမှာပါလား။

နှစ်ယောက်အတူငြိမ်းချမ်းရာကိုရှာခဲ့ပေမယ့် အစ်ကိုကအရင်တွေ့လေတော့ငြိမ်းချမ်းနေပြီ။

အစ်ကို့ရဲ့ဇနီးမသန္တာမိန်းမကြမ်းကြီးမှာတော့ ဒီခရီးလမ်းမှာဝမ်းတစ်ထွာအတွက်နဲ့ ခရီးဆက်ရဦးမှာပါလား။

ခင်နှင်းယု